ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

# ဘဏ္ဍာရေးမူဝါဒစာတမ်း

## ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်

၁၅-၁၁-၂၀၁၉

# ဘဏ္ဍာရေးမူဝါဒစာတမ်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းနှင့် ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များ | ၁ |
| ၂။ | နိုင်ငံတော်၏စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက် | ၁-၂ |
| ၃။ | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒ | ၃-၄ |
| ၄။ | ပြီးခဲ့သောဘဏ္ဍာရေးနှစ်များ၏ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ခဲ့မှု အကျဉ်းချုပ် | ၄-၈ |
| | (က) ရငွေအခြေအနေ | |
| | (ခ ) သုံးငွေအခြေအနေ | |
| | (ဂ) ကြွေးမြီအခြေအနေ | |
| ၅။ | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းချက်များ | ၈-၁၁ |
| | (က) နိုင်ငံတော်၏စီးပွားရေးအခြေအနေခန့်မှန်းချက် | |
| | (ခ) ရသုံးခန့်မှန်းခြေငွေစာရင်းခန့်မှန်းချက် | |
| | (ဂ) အရေးပေါ်ရန်ပုံငွေခန့်မှန်းချက် | |
| | (ဃ) အခွန်ဝေစု | |
| | (င) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | |
| | (စ) ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း | |
| ၆။ | အစိုးရ၏ဦးစားပေးအစီအစဉ်များ | ၁၁-၁၂ |
| ၇။ | ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများ | ၁၃ |
| ၈။ | ကာလရှည်ဘဏ္ဍာရေးမဟာဗျူဟာ | ၁၄-၁၅ |
| ၉။ | နိဂုံး | ၁၅ |

**နိဒါန်း**

၁။ နိုင်ငံတော်ကဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစိုးရ၏ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘဏ္ဍာရေးမူဝါဒ၊ အခွန်ရငွေ၊ အသုံးစရိတ်အခြေအနေနှင့်ပြည်တွင်း၊ ပြည်ပချေးငွေရယူသည့် အခြေအနေများနှင့် ဘတ်ဂျက် ပွင့်လင်းမြင်သာမှု တိုးတက်လာစေရန် ဤဘဏ္ဍာရေးမူဝါဒစာတမ်းကို ထုတ်ပြန်လိုက်ပါသည်။

**ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များ**

၂။ ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေတိုကာလတွင် စီးပွားရေးဦးမော့လာစေရေး၊

( ခ ) ရေရှည်ကာလတွင် စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှုရရှိစေရေး၊

( ဂ ) ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေး၊

(ဃ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊

( င ) အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိစေရေး၊

(စ ) လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး။

**နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ်တင်ပြချက်**

၃။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကြွေးမြီခံနိုင်ရည်သတ်မှတ်ချက်ထက် မကျော်လွန်စေရန် အရအသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲရာတွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅.၀ % ထက် မကျော်လွန်စေရန် ဆောင်ရွက်ခဲ့ပါ သည်။

၄။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် အမှန်စာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးသည် ၂.၅% ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၇.၈% ရည်မှန်းခဲ့ရာ နှစ်ကုန်ချိန်တွင် ၅.၉% သာ ရရှိခဲ့ပါသည်။ လယ်ယာကဏ္ဍတွင် စိုက်ပျိုးချိန်၌ ဒေသအချို့ ရေကြီးနစ်မြုပ်ခဲ့ခြင်း၊ အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် သီးနှံစိုက်ပျိုးချိန်နောက်ကျခြင်းနှင့် ပထမနှစ်ဝက်ကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းအချို့ ရပ်တန့်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

၅။ ၂၀၁၇-၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် ရွေ့ပြေးအမှန်စာရင်းအရ လိုငွေနှင့်ဂျီဒီပီအချိုးသည် ၂.၆ % ဖြစ်ကြောင်း တွေ့ရှိရပြီး စီးပွားရေးတိုးတက်မှုနှုန်းကို ၇.၀% ရည်မှန်းခဲ့ရာ အထည်ချုပ် လုပ်ငန်းများတွင် ပြည်ပပို့ကုန်တင်ပို့မှုတိုးမြင့်လာခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခဲ့သော်လည်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုနှေးကွေးခြင်းတို့ကြောင့် ယာယီအမှန်စာရင်းအရ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၆.၈ % သာ ရရှိခဲ့ကြောင်းတွေ့ရှိရပါသည်။

၆။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းအရ လိုငွေနှင့်ဂျီဒီပီအချိုးသည် ၅.၀% ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းကို ၇.၆% ရည်မှန်းခဲ့ရာ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂.၉% ၊ စက်မှုကဏ္ဍကြီး တွင် ၉.၄% ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၈% တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ နိုင်ငံ၏ပို့ကုန်တင်ပို့မှု တိုးတက်ခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှေးကွေးမှုများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းတို့ကြောင့် နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၆.၈% ရရှိရန် ရည်မှန်းထားပါသည်။

၇။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ အကျဉ်းချုပ်ကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**ဇယား (၁) ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေး အခြေအနေ အကျဉ်းချုပ်ဇယား**

| | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | | ၂၀၁၈-၂၀၁၉ |
|---|---|---|---|---|
| | **အမှန်** | **ခန့်မှန်းချက်** | **နှစ်ကုန် ခန့်မှန်းချက်** | **ခန့်မှန်းချက်** |
| ဂျီဒီပီတန်ဖိုး(ကျပ်ဘီလီယံ) | ၇၉,၇၆၀ | ၉၁,၃၁၉ | ၉၀,၄၅၁ | *၁၀၆,၀၉၆ |
| ဂျီဒီပီတိုးတက်မှုနှုန်း | ၅.၉% | ၇.၀% | ၆.၈% | ၇.၆% |
| ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း | ၆.၈% | ၇.၉% | ၄.၀% | ၄.၈% |
| ပို့ကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၁၁,၉၅၂ | ၁၄,၀၀၀ | ၁၄,၈၅၁ | ၁၅,၃၀၀ |
| သွင်းကုန်တန်ဖိုး (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၁၇,၂၁၁ | ၁၅,၀၀၀ | ၁၈,၆၈၇ | ၁၅,၈၀၀ |
| ကုန်သွယ်မှုလိုငွေ (အမေရိကန်ဒေါ်လာသန်းပေါင်း) | ၅,၂၅၉ | ၁,၀၀၀ | ၃,၈၃၆ | ၅၀၀ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

*ဘဏ္ဍာရေးနှစ်အသစ်ဖြင့် တွက်ချက်ထားသည့် GDP တန်ဖိုးဖြစ်ပါသည်။

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒ**

၈။ ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ချမှတ်ထားသည့် **အခွန်မူဝါဒ** မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့်အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(ဂ) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု ၊ ရင်းနှီးမြှုပ်နှံမှုနှင့်စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(ဃ) တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

(င) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်။

၉။ ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ချမှတ်ထားသည့် **အသုံးစရိတ်မူဝါဒ** မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊

(ခ) ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်၊

(ဂ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊

(ဃ) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်၊

(င) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး နိုင်ငံတော်ဘတ်ဂျက်၊ ဖွံ့ဖြိုးမှုအကူအညီ၊ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံတို့ဖြင့် ခွဲခြားဆောင်ရွက်ရန်၊

(စ) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျစိစစ်ဆောင်ရွက်ရန်၊ ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာဝယ်ယူရန်နှင့် နိုင်ငံခြားငွေ သုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချရန်၊


(ဆ) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကိုရယူရာတွင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနှင့်အညီရယူရန်။

(ဇ) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

**ပြီးခဲ့သောဘဏ္ဍာရေးနှစ်များ၏ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ခဲ့မှုအကျဉ်းချုပ်**

**(က) ရငွေအခြေအနေ**

**စုစုပေါင်းရငွေတွင် အခွန်အကောက်ရငွေ၊ စီးပွားရေးအဖွဲ့အစည်းများမှရငွေနှင့် အခြားရငွေများပါဝင်မှုရာခိုင်နှုန်း**




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၀။ ၂၀၁၆-၂၀၁၇ခု ၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း) ၊ ၂၀၁၇-၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း) နှင့် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ်(ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ စုစုပေါင်းရငွေတွင် အခွန်အကောက်ရငွေ ၄၂.၀% ၊ ၄၁.၇% နှင့် ၃၅.၆% ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ ၄၅.၁% ၊ ၄၄.၅% နှင့် ၄၇.၂% ၊ အခြားရငွေ ၁၂.၉%၊ ၁၃.၈% နှင့် ၁၇.၂% အသီးသီးပါဝင်ပါသည်။ စုစုပေါင်းရငွေနှင့် ဂျီဒီပီအချိုးမှာ ၂၀.၃ % ၊ ၁၉.၇ % နှင့် ၂၀.၇% တို့ဖြစ်ပြီး အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၉ % ၊ ၈.၂ % နှင့် ၇.၄ % တို့ဖြစ်ပါသည်။ ၂၀၁၉ခုနှစ်၊ ဇူလိုင်လမှစ၍ လျှပ်စစ်မီတာခများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းနှင့်အတူ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့စည်းများ၏ရငွေများ တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍအတွက် စိုက်ထုတ်သုံးစွဲမှု သက်သာစေမည်ဖြစ်ပါသည်။

၁၁။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ၏နှေးကွေးနေသော စီးပွားရေးလည်ပတ်မှုကို အရှိန်မြှင့်တင်နိုင်ရန်နှင့် ပြည်သူလူထုကို လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များ ပိုမိုသုံးစွဲရန်အတွက် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅.၆% အထိ ရေးဆွဲထားပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို ၇.၀% ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။ လိုငွေပြဘတ်ဂျက်ဖြစ်ပေါ်သော်လည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးအတွက် အခွန်အကောက်မူဝါဒများဖြေလျှော့ပေးခြင်း ၊ အခြေခံအဆောက်အအုံများအတွက် အစိုးရအသုံးစရိတ်များပိုမိုသုံးစွဲခြင်းဖြင့် စုစုပေါင်းဝယ်လိုအားတိုးတက်စေသည့် အချဲ့ဘဏ္ဍာရေးမူဝါဒ (Expansionary Fiscal Policy) ကို ကျင့်သုံးမည်ဖြစ်ပါသည်။ အသုံးစရိတ်များတိုးမြှင့်သုံးစွဲခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှု တိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**(ခ) သုံးငွေအခြေအနေ**

**ဇယား(၂) ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း**

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ (အမှန်) | | | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | | | ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) | | | ဘဏ္ဍာရေးနှစ် (၃)နှစ် ပျမ်းမျှ |
|---|---|---|---|---|---|---|---|---|---|---|
| | ဝန်ကြီး/ဦးစီး | စီးပွားရေးအဖွဲ့အစည်း | ပေါင်း | ဝန်ကြီး/ဦးစီး | စီးပွားရေးအဖွဲ့အစည်း | ပေါင်း | ဝန်ကြီး/ဦးစီး | စီးပွားရေးအဖွဲ့အစည်း | ပေါင်း | |
| သာမန် | ၄၃.၀% | ၃၃.၂% | ၇၆.၂% | ၄၃.၉% | ၃၂.၄% | ၇၆.၃% | ၄၀.၀% | ၃၁.၂% | ၇၁.၂% | ၇၄.၆% |
| ငွေလုံး | ၁၇.၂% | ၁.၈% | ၂၁.၀% | ၁၆.၄% | ၃.၇% | ၂၀.၁% | ၁၈.၇% | ၆.၀% | ၂၄.၇% | ၂၁.၉% |
| ကြွေးမြီ | ၀.၈% | ၂.၀% | ၂.၈% | ၁.၃% | ၂.၃% | ၃.၆% | ၁.၄% | ၂.၇% | ၄.၁% | ၃.၅% |
| စုစုပေါင်းသုံးငွေ | **၆၁.၀%** | **၃၉.၀%** | ၁၀၀.၀% | **၆၁.၆%** | **၃၈.၄%** | ၁၀၀.၀% | **၆၀.၁%** | **၃၉.၉%** | ၁၀၀.၀% | ၁၀၀.၀% |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၁၂။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)၊ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် (ရှေ့ပြေးအမှန်စာရင်း) နှင့် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် (ပြုပြင်ပြီးခန့်မှန်းခြေစာရင်း) များအရ စုစုပေါင်းသုံးငွေနှင့် ဂျီဒီပီအချိုးမှာ ၂၃.၇ % ၊ ၂၂.၃% နှင့် ၂၅.၇% အသီးသီးဖြစ်ပါသည်။ အစိုးရ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲရာတွင် သာမန်အသုံးစရိတ်သည် ရာခိုင်နှုန်းအများဆုံးဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်၏ ပျမ်းမျှ ၇၄.၆% ကျော် ပါဝင်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်မှာ စုစုပေါင်း အသုံးစရိတ်၏ ပျမ်းမျှ ၂၁.၉ % ကျော်သာ ပါဝင်ပါသည်။ အစိုးရ၏ ဦးစားပေးအသုံးစရိတ်အဖြစ် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအသုံးစရိတ်များအား တိုးမြှင့်သုံးစွဲရန် လျာထားခဲ့သော်လည်း အသုံးစရိတ်များအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု အားနည်းနေသေးခြင်းနှင့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စက်ပစ္စည်းများအား နိုင်ငံခြားမှဝယ်ယူရန် တင်ဒါလုပ်ငန်းစဉ်များ လုပ်ဆောင်ဆဲဖြစ်ခြင်း၊ နိုင်ငံခြားမှဝယ်ယူသည့်စက်ပစ္စည်းများ အချိန်မီမရောက်ရှိခြင်း၊ ပြည်ပ ချေးငွေများမှာ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့်အတိုင်း မရရှိသဖြင့် ပြည်ပချေးငွေဖြင့် သုံးစွဲမည့်အသုံးစရိတ်များအား အပြည့်အဝမသုံးစွဲနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်များမှာ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် ၇၁.၁% နှင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် ၇၉.၄ % သာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိရပါသည်။

၁၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အသုံးစရိတ် အများဆုံးသုံးစွဲသည့် ဝန်ကြီးဌာနတွင် ပါဝင်ပါသည်။ ၂၀၁၈-၂၀၁၉ခု ၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် စုစုပေါင်း အသုံးစရိတ်၏ ၂၃.၂% ပါဝင်ပြီး နိုင်ငံတော်အနေဖြင့်ကျခံသုံးစွဲရသည့် နိုင်ငံတော်စာရင်းအသုံးစရိတ် ကျပ် ၅,၇၆၆.၀၅၁ ဘီလီယံ ၊ ရာခိုင်နှုန်းအားဖြင့် ၂၁.၂ % နှင့် ဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၅၃၀.၀၃၈ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၀% ဖြစ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အောက်တွင် ကျခံသုံးစွဲသည့် နိုင်ငံတော်စာရင်းများတွင် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်ထောင်စုမှထောက်ပံ့ငွေများ၊ ပြည်တွင်း၊ ပြည်ပကြွေးမြီ အပေါ်ပေးချေရသည့် အတိုးပေး ငွေများ၊ ပင်စင်လစာငွေများ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုလွှဲပြောင်းငွေများ၊ အပ်ငွေနှင့်ချေးငွေအပေါ် အတိုးပေးငွေများ စသည်တို့ပါဝင်ပါသည်။

**(ဂ) ကြွေးမြီအခြေအနေ**

၁၄။ ၂၀၁၅-၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ခု ၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု အစိုးရအပ်ငွေစာရင်း၏လိုငွေအား အသားတင်ဖြည့်ဆည်းမှုပမာဏကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား (၃) ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှုအခြေအနေ**

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
|---|---|---|---|---|
| ၁ | **အစိုးရ၏ငွေတိုက်စာချုပ်များရောင်းချခြင်း (အသားတင်ဖြည့်ဆည်းမှု)** | **(-)၂၈၅.၈** | **(+)၇၇၁.၂** | **(+)၆၆၆.၀** |
| | **လိုငွေဖြည့်ဆည်းမှုရာခိုင်နှုန်း** | **-၈.၈%** | **၃၃.၆%** | **၂၄.၆%** |
| | ရောင်းချခြင်း | ၈၀၉.၂ | ၁,၂၀၁.၆ | ၁,၃၂၅.၄ |
| | ရွေးနုတ်ခြင်း | ၁,၀၉၅.၀ | ၄၃၀.၄ | ၆၅၉.၄ |
| ၂ | **အစိုးရ၏ငွေတိုက်လက်မှတ်များလေလံစနစ်ဖြင့် ရောင်းချခြင်း (အသားတင်ဖြည့်ဆည်းမှု)** | **(+)၅၅၆.၉** | **(+)၃၁၁.၀** | **(+)၁,၃၇၅.၅** |
| | **လိုငွေဖြည့်ဆည်းမှုရာခိုင်နှုန်း** | **၁၇.၂%** | **၁၃.၅%** | **၅၀.၉%** |
| | ရောင်းချခြင်း | ၁,၂၂၅.၀ | ၃,၆၂၂.၇ | ၅,၇၈၄.၈ |
| | ရွေးနုတ်ခြင်း | ၆၆၈.၁ | ၃,၃၁၁.၇ | ၄,၄၀၉.၃ |
| ၃ | **အစိုးရ၏ငွေတိုက်လက်မှတ်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ရောင်းချခြင်း (အသားတင်ဖြည့်ဆည်းမှု)** | **(+)၂,၉၆၅.၉** | **(+)၁,၂၁၃.၃** | **(+)၆၆၃.၁** |
| | **လိုငွေဖြည့်ဆည်းမှုရာခိုင်နှုန်း** | **၉၁.၆%** | **၅၂.၉%** | **၂၄.၅%** |
| | ရောင်းချခြင်း | ၂,၉၆၅.၉ | ၂,၃၁၀.၃ | ၁,၀၄၉.၆ |
| | ရွေးနုတ်ခြင်း | – | ၁,၀၉၇.၀ | ၃၈၆.၅ |
| | **စုစုပေါင်း (အသားတင်ဖြည့်ဆည်းမှု)** | **(+)၃,၂၃၇.၀** | **(+)၂,၂၉၅.၅** | **(+)၂,၇၀၄.၆** |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

၁၅။ ပြည်တွင်းလိုငွေဖြည့်ဆည်းခြင်းသည် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် အစိုးရငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ ရောင်းချခြင်းဖြင့်ဖြည့်ဆည်းပြီး လိုငွေပေါ်ပေါက်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဖြည့်ဆည်းခြင်းနည်းလမ်းကို အသုံးပြုပါသည်။ ပြည်တွင်းလိုငွေဖြည့်ဆည်းခြင်းသည် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ အမှန်လိုငွေကို ဖြည့်ဆည်းခြင်းဖြစ်ပါသည်။ ပြည်တွင်းလိုငွေဖြည့်ဆည်းခြင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဖြည့်ဆည်းခြင်းအား တဖြည်းဖြည်းလျှော့ချရန် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ခု ၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းခြင်းအား

စုစုပေါင်းလိုငွေဖြည့်ဆည်းရမည့်ပမာဏ၏ ၃၀.၀% အောက် ရည်မှန်းဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၏ အမှန်လိုငွေဖြည့်ဆည်းခြင်းတွင် ၂၄.၅% သာ ရှိသဖြင့် လျာထားချက်အောက် လျှော့ချဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းခြင်းအား လိုငွေဖြည့်ဆည်းရန်ပမာဏ၏ ၂၀.၀% အောက်ထားရှိရန် ရည်မှန်းထားပါသည်။

၁၆။ နိုင်ငံတော်၏ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့်ဂျီဒီပီအချိုးကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဇယား (၄) ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့်ဂျီဒီပီအချိုး**

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်တွင်း၊ ပြည်ပ ကြွေးမြီနှင့် ဂျီဒီပီအချိုး |
|---|---|---|---|
| ၂၀၁၅-၂၀၁၆ (၃၁-၃-၂၀၁၆ နေ့အထိ) | ၂၁.၄% | ၁၆.၇% | ၃၈.၁% |
| ၂၀၁၆-၂၀၁၇ (၃၁-၃-၂၀၁၇ နေ့အထိ) | ၂၂.၂% | ၁၃.၄% | ၃၅.၆% |
| ၂၀၁၇-၂၀၁၈ (၃၁-၃-၂၀၁၈ နေ့အထိ) | ၂၂.၉% | ၁၅.၄% | ၃၈.၃% |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

**၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက်ခန့်မှန်းချက်များ**

**(က) နိုင်ငံတော်၏စီးပွားရေးအခြေအနေခန့်မှန်းချက်**

၁၇။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂.၅%၊ စက်မှုကဏ္ဍကြီးတွင် ၈.၆%၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၁% တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၃%၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇%၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁.၀% ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၆.၅%

ဖြစ်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၅ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇.၅ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃.၀ ဘီလီယံ နှင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂.၀ ဘီလီယံ ဖြစ်ပါသည်။

### (ခ) ရသုံးခန့်မှန်းခြေငွေစာရင်းခန့်မှန်းချက်

၁၈။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေစုစုပေါင်းသည် ကျပ် ၂၈,၅၂၅ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ်သည် ကျပ် ၃၅,၂၄၄ ဘီလီယံ နှင့် စုစုပေါင်းလိုငွေ ကျပ် ၆,၇၁၉ ဘီလီယံ ဖြစ်ပြီး ဂျီဒီပီတန်ဖိုးသည် ကျပ် ၁၁၉,၀၂၃ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေနှင့်ဂျီဒီပီ အချိုးသည် ၅.၆ % ဖြစ်ပါသည်။

**ဇယား (၅) ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေနှင့်အသုံးစရိတ်ခန့်မှန်းချက်များ**

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| (က) | ရငွေများ | ၂၅,၂၀၀ | ၃,၃၂၅ | ၂၈,၅၂၅ | ၂၄.၀% |
| | (၁) သာမန် | ၂၁,၈၂၄ | ၃,၀၁၃ | ၂၄,၈၃၇ | |
| | (၂) ငွေလုံးငွေရင်း | ၄၅၅ | ၇၈ | ၅၃၃ | |
| | (၃) ကြွေးမြီ | ၂,၉၂၁ | ၂၃၄ | ၃,၁၅၅ | |
| (ခ) | သုံးငွေများ | ၃၁,၉၁၉ | ၃,၃၂၅ | ၃၅,၂၄၄ | ၂၉.၆% |
| | (၁) သာမန် | ၂၃,၀၃၃ | ၉၉၅ | ၂၄,၀၂၈ | |
| | (၂) ငွေလုံးငွေရင်း | ၇,၄၆၆ | ၂,၃၃၀ | ၉,၇၉၆ | |
| | (၃) ကြွေးမြီ | ၁,၄၂၀ | – | ၁,၄၂၀ | |
| (ဂ) | ပိုငွေ(+)/ လိုငွေ (-) | (-) ၆,၇၁၉ | – | (-)၆,၇၁၉ | |
| (ဃ) | ဂျီဒီပီတန်ဖိုး | ၁၁၉,၀၂၃ | | ၁၁၉,၀၂၃ | |
| (င) | လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၆% | | ၅.၆% | |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**(ဂ) အရေးပေါ်ရန်ပုံငွေခန့်မှန်းချက်**

၁၉။ အရေးပေါ်ရန်ပုံငွေကို ယခင်နှစ်များက နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျပ် ၁၀၀.၀ ဘီလီယံ လျာထားခဲ့သော်လည်း အရေးပေါ်ကိစ္စရပ်များ တွင် ပိုမိုလျင်မြန်စွာသုံးစွဲနိုင်စေရန် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျပ် ၅၀.၀ ဘီလီယံ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆.၀ ဘီလီယံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ကျပ် ၁၄.၀ ဘီလီယံ (တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီတွင် ကျပ် ၁ ဘီလီယံစီ) ခွဲဝေလျာထားပါသည်။

**(ဃ) အခွန်ဝေစု**

၂၀။ အခွန်ဝေစုများကို ယခင်နှစ်များတွင် ခွဲဝေပေးခဲ့သည့်နည်းလမ်းအတိုင်း လျာထားပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေပေးသည့် စုစုပေါင်းအခွန်ဝေစုမှာ ကျပ် ၃၄၉.၈ ဘီလီယံ ဖြစ်ပြီး၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကျပ် ၃၁.၇ ဘီလီယံ လျာထား ပါသည်။

**ဇယား (၆) ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေပေးခြင်း**

**(ကျပ်ဘီလီယံ)**

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ (အမှန်) | ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | အခွန်ဝေစု | ၁၈၃.၈ | ၂၇၉.၆ | ၃၄၉.၈ |

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**(င) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ SEEs များ၏ ၃၀-၉-၂၀၁၉ ရက်နေ့တွင်ရှိသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း Union Fund Account – Other Account (UFA – OA) စာရင်းများပိတ်သိမ်းပြီး ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း Union Fund Account – SEE Account (UFA –SEE) Account တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များ၏ ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ( UFA – SEE ) သို့ ပေးသွင်း၍

အသုံးစရိတ်များအားလုံးကိုလည်း ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုလျာထားငွေဘောင်အတွင်း UFA–SEE Account မှ ကျခံသုံးစွဲရမည်ဖြစ်ပါသည်။

**(စ) ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်း**

၂၂။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်လိုငွေဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချေးယူခြင်းဖြင့် ဖြည့်ဆည်းခြင်းကို စုစုပေါင်းပြည်တွင်းချေးယူငွေဖြင့် ဖြည့်ဆည်းမည့်ပမာဏ၏ ၂၀.၀ % အောက်တွင် ထားရှိရန်သတ်မှတ်ထားပါသည်။ ၂၀၁၉-၂၀၂၀ခု ၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေ နှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေအပါအဝင် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းကိုးဆယ်သိန်းထက်မပိုစေရန် သတ်မှတ်ထားပါသည်။

**အစိုးရ၏ဦးစားပေးအစီအစဉ်များ**

၂၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေးမူဝါဒ (၁၂) ရပ် ချမှတ်၍ကာလရှည် ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်အဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan)(MSDP)ကို ရေးဆွဲထားပြီး မဏ္ဍိုင်(၃)ခု၊ ပန်းတိုင်(၅)ခု၊ မဟာဗျူဟာ (၂၈)ခုနှင့် လုပ်ငန်းစဉ်(၂၅၁)ခု ပါရှိပါသည်။ မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက် စီမံကိန်းများစွာရှိပါသည်။ အမျိုးမျိုးသော စီမံကိန်းများကို အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကြီးတစ်ခုအောက်တွင် ပေါင်းစည်းဆောင်ရွက်နိုင်ရန် MSDP ၏ လွှမ်းခြုံမှုအောက်တွင် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းဘဏ်(Project Bank)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၄။ စီမံကိန်းများရွေးချယ်ရာတွင် နိုင်ငံအတွက် အမှန်တကယ်လိုအပ်သော စီမံကိန်းများကိုဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အဓိကကျသော လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိနိုင်ရေးနှင့် ၂၀၂၀ ခုနှစ် နွေရာသီအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်စီမံကိန်း(၈)ခုကို စီမံကိန်းဘဏ်(Project Bank)နှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၅။ ထို့အပြင်၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ခွဲဝေချထားရာတွင် နိုင်ငံတော်၏အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လမ်း၊ တံတား

ကဏ္ဍများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်းကောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို လည်းကောင်း ဦးစားပေးလျာထားခဲ့ပါသည်။

၂၆။ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်ရန် ရည်မှန်းထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေသုံးစွဲနိုင်မှုသည် အရေးပါသဖြင့် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် တိုးမြှင့်သုံးစွဲသည့် ဘဏ္ဍာငွေများဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးမှုတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု တိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၇။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေလျာထားသည့်ပုံစံနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်များ ပြောင်းလဲဆောင်ရွက်ထားပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတစ်ခုတည်းသာ ထားရှိဆောင်ရွက်စေပြီး ကုန်သွယ်မှု (အရှုံး/အမြတ်) စာရင်းအရ အမြတ်ရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်အမြတ်ငွေ အားလုံးကို နိုင်ငံတော်သို့ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရန်သတ်မှတ်ထားပါသည်။

၂၈။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုများပေးရာတွင် တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ မဟာဗျူဟာ ၂.၄ အရ အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည် ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေသည့် လုပ်ငန်းစဉ်အနေဖြင့် နိုင်ငံအဆင့် မဟာဗျူဟာကျအခြေခံအဆောက်အအုံ စီမံချက်အတွက် ပြဋ္ဌာန်းချက်များနှင့်ရင်းနှီးမြှုပ်နှံမှု ၊ အခွန်ဖြန့်ဝေမှုနှင့် ရပိုင်ခွင့်စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်သည့် ကိစ္စရပ်များအပါအဝင် နိုင်ငံအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး အရည်အသွေးကို မြှင့်တင်ခြင်းအား ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများ**

၂၉။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် အသုံးစရိတ်များကျခံသုံးစွဲနိုင်ရန် ရငွေရရှိမှုသည် အဓိကအရေးပါပါသည်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ စုစုပေါင်းရငွေတွင် အခွန် အကောက်ရငွေ ပျမ်းမျှ ၃၈.၀ % နှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေသည် စုစုပေါင်းရငွေတွင် ပျမ်းမျှ ၄၇.၀ % ဖြစ်သဖြင့် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့ရှိရပါသည်။

၃၀။ အခွန်ဆိုင်ရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကြောင့် အခွန် အကောက်ရငွေသည် နှစ်စဉ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိခဲ့သော်လည်း အခွန်ကြွေးကျန်များရှိနေသေးခြင်း၊ အခွန်တိမ်းရှောင်မှုများရှိနေသေးခြင်းနှင့် အခွန်ကောက်ခံရမည့် နယ်ပယ်ချဲ့ထွင်ရန် လိုအပ်နေသေးခြင်းတို့ကြောင့် အခွန်ရငွေနှင့်ဂျီဒီပီအချိုးသည် ပျမ်းမျှ ၈.၀% သာ ရှိနေပြီး ပြည်ထောင်စု၏ စုစုပေါင်းရငွေတွင် ပါဝင်မှုရာခိုင်နှုန်း လျော့နည်းလာခြင်း၊ သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ နိုင်ငံတကာဓာတ်ငွေ့ဈေးနှုန်းကျဆင်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု သက်တမ်းကြာမြင့်လာ၍ ထုတ်လုပ်မှုပမာဏလျော့နည်းလာခြင်းတို့ကြောင့် သဘာဝဓာတ်ငွေ့မှ ရငွေများလည်းကျဆင်းလာခြင်းများ ရှိလာပါသည်။

၃၁။ အသုံးစရိတ်ပိုင်းတွင်မူ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအများစုမှာ အရှုံးပေါ်ပေါက် လျက်ရှိပြီး စီးပွားရေးအဖွဲ့အစည်းများ၏ အမှန်ရငွေသည် လျာထားချက်အတိုင်း ဆောင်ရွက်နိုင်မှု မရှိဘဲလျော့နည်းရရှိခြင်း ၊ အရှုံးပေါ်၍ ဖျက်သိမ်းသည့် စီးပွားရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများ အတွက် ပင်စင်ဆိုင်ရာအသုံးစရိတ်များနှင့် ကြွေးမြီပေးဆပ်ခြင်း အသုံးစရိတ်များအတွက် ကျခံ သုံးစွဲရခြင်းကြောင့် အသုံးစရိတ်များတိုးမြင့်လာခြင်း၊ ပြည်ပကြွေးမြီရယူခြင်းနှင့်စပ်လျဉ်း၍ အတိုးနှုန်းနည်း၍ ပြန်ဆပ်ကာလရှည်ကြာသော ကြွေးမြီများကို ပြန်ရချက်ကောင်းသော ကိစ္စရပ်များ အတွက်သာ ချေးယူရန် မူချမှတ်ဆောင်ရွက်လျက်ရှိပြီး အတိုးနှုန်းများသော ကြွေးမြီဟောင်းများနှင့် ပြန်ဆပ်ကာလပြည့်မြောက်သော ကြွေးမြီများပေးဆပ်နေရခြင်းကြောင့် အသုံးစရိတ်တိုးမြင့်လာခြင်း၊ သွင်းကုန်တန်ဖိုးနှစ်စဉ်မြင့်မားလျက်ရှိပြီး ကုန်သွယ်မှုလိုငွေ ဆက်လက်ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံခြားငွေလိုအပ်ချက် မြင့်မားလျက်ရှိခြင်းနှင့် အမေရိကန်ဒေါ်လာ ခိုင်မာလာခြင်းတို့ကြောင့် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းလာပြီး နိုင်ငံခြားငွေဖြင့်သုံးစွဲရမည့် အသုံးစရိတ်များနှင့် ပေးဆပ်ရမည့် ကြွေးမြီများအတွက် အသုံးစရိတ်များမြင့်တက်လာခြင်း၊ မြန်မာနိုင်ငံတွင်နှစ်စဉ်လိုလို ဖြစ်ပေါ် လျက်ရှိသော မိုးများ၍မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းများ ကြောင့်သီးနှံများဆုံးရှုံးခြင်းနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးအသုံးစရိတ်များ သုံးစွဲရခြင်းတို့ကြောင့် အသုံးစရိတ်များ တိုးလာခြင်းစသည့် ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများ ကြုံတွေ့နေရပါသည်။

**ကာလရှည်ဘဏ္ဍာရေးမဟာဗျူဟာ**

၃၂။ နိုင်ငံတော်အစိုးရသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့် (၂၀၁၈ခုနှစ်မှ၂၀၂၂ခုနှစ်အထိ) ၅နှစ်တာကာလတွင် အစိုးရ၏ရငွေနှင့်အသုံးစရိတ်များ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် သာမန်အသုံးစရိတ်နှင့်ငွေလုံး ငွေရင်းအသုံးစရိတ်များကို အချိုးကျမျှတစွာ သတ်မှတ်ခွဲဝေပေးနိုင်ရန်နှင့် ဝင်ငွေနှင့်အသုံးစရိတ် များကို အမှန်စာရင်းနှင့် အနီးစပ်ဆုံးခန့်မှန်းလျာထားခြင်းဖြင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုကို တဖြည်းဖြည်းလျှော့ချသွားနိုင်ရန် ၊ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူခြင်း ကို အပြီးသတ်လျှော့ချနိုင်ရန်တို့အား ရည်မှန်းချက်ထားဆောင်ရွက်ရန်ဖြစ်ပါသည်။

၃၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးအခြေအနေများ ပွင့်လင်းမြင်သာမှု ရှိရေးအတွက် ဘတ်ဂျက်တွင်ပါဝင်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ကို သုံးသပ်၍ ဘတ်ဂျက်ပြင်ပမှ သီးခြားလွတ်လပ်စွာ ဆောင်ရွက်သည့်ပုံစံကို တဖြည်းဖြည်း ပြောင်းလဲကျင့်သုံးရန်ဆောင်ရွက်ရာတွင် အရှုံးပေါ်ပေါက်နေသော အဖွဲ့အစည်းများကို ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်း၊ ကော်ပိုရေးရှင်းအသွင်ပြောင်းလဲပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကပိုင်နှင့်အများပိုင်ပြုလုပ်ခြင်း၊ နိုင်ငံတော်နှင့်ပုဂ္ဂလိကဖက်စပ်ပြုလုပ်ခြင်းဖြင့် ရငွေတိုးနိုင်မည့် နည်းလမ်းများကို ဆောင်ရွက်ခြင်း၊ အခွန်ရငွေတိုးမြှင့်နိုင်ရန်စီမံခန့်ခွဲခြင်းနှင့် အခွန်အကောက် ဆိုင်ရာဥပဒေများ ပြင်ဆင်ခြင်း ၊ ဘဏ္ဍာရေးမူဝါဒနှင့်အညီ အခွန်ဆိုင်ရာဥပဒေသစ်များပြဋ္ဌာန်းခြင်း ၊ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် အလယ်အလတ်အဆင့် အခွန်ထမ်းဆိုင်ရာအခွန်ရုံးများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃၄။ ရလဒ်မျှော်မှန်းချက်များအနေဖြင့် နှစ်စဉ်စီမံကိန်းနှင့်လိုက်လျောညီထွေဖြစ်သော ဘတ်ဂျက် ဖြစ်စေရန်နှင့် အစိုးရ၏မူဝါဒများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့်ဘတ်ဂျက်ဖြစ်စေရန်၊ ရငွေရည်မှန်းချက်၊ အသုံးစရိတ်ကန့်သတ်ချက်များ လိုအပ်သလိုချမှတ်ပေးသည့်စနစ်ကို နှစ်အလိုက် တိုးတက်ကျင့်သုံးသွားရန်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်စနစ်ကို တဖြည်းဖြည်းလျော့နည်း ပပျောက်သွားရေးဆောင်ရွက်ရန်၊ အခွန်အကောက်ရငွေ၏ရင်းမြစ်များ တိုးတက်စေရန်၊ အခွန် ဥပဒေများကို ရှင်းလင်းလွယ်ကူစွာနားလည်နိုင်စေရန်နှင့် Tax to GDP အချိုးကို ၁၀.၀ % အထိ တိုးမြှင့်လာစေရန်ဖြစ်ပါသည်။

၃၅။ ဒုတိယအဆင့်ပြီးနောက် (၅) နှစ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အစီအစဉ် သရုပ်ခွဲဆန်းစစ်မှုများပါဝင်သော နှစ်လတ်ဘတ်ဂျက်ရေးဆွဲမှုဖော်ဆောင်ခြင်း၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းစနစ် မဟာဗျူဟာချမှတ်ရေး ဆောင်ရွက်ခြင်း၊ အသုံးစရိတ်သုံးစွဲမှုများ သတ်မှတ်ချက်ဘောင်အတွင်း အနီးစပ်ဆုံးသုံးစွဲရေး ဆောင်ရွက်ခြင်း၊ သုံးစွဲထားသောအသုံးစရိတ် များနှင့် လျော်ညီသည့် အကောင်အထည်ဖော်နိုင်မှု ရှိ/မရှိ သုံးသပ်ခြင်းကို ပီပြင်အောင်ဆောင်ရွက် ခြင်းတို့ဖြစ်ပါသည်။

၃၆။ ရေရှည်ကာလမျှော်မှန်းချက်အနေဖြင့် ဘဏ္ဍာရေးရေရှည်တည်တံ့မှုရှိစေရန် အစိုးရက အများဆုံးခွဲဝေပေးနိုင်မည့် ငွေပမာဏပေါ်မူတည်၍ အသုံးစရိတ်များကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲစေရန်၊ အစိုးရ၏ရငွေရှာဖွေမှုသည် သဘာဝသယံဇာတအရင်းအမြစ်များကိုသာ အားမပြု စေဘဲ အခွန်အကောက်ရငွေအပေါ် အဓိကအားပြုစေရန်နှင့် အသုံးစရိတ်သုံးစွဲမှုကို အကောင်းဆုံး ခွဲဝေအသုံးချနိုင်မှု ဖြစ်ပေါ်စေရန်တို့ဖြစ်ပါသည်။

**နိဂုံး**

၃၇။ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများအပေါ်အခြေခံ၍ ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ် သုံးစွဲနိုင်မည့် အသုံးစရိတ်များအား အနီးစပ်ဆုံးခန့်မှန်းလျာထားရမည်ဖြစ်ပါသည်။

၃၈။ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသည့် ဘတ်ဂျက်လျာထားချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားဆောင်ရွက်ရန် လိုအပ် ပါသည်။

၃၉။ နိုင်ငံတော်က ရသင့်ရထိုက်သည့်ရငွေများ အပြည့်အဝရရှိရန်နှင့် အစိုးရ၏ဦးစားပေး အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် အသုံးစရိတ်များသုံးစွဲရန်၊ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ကြုံတွေ့နိုင်သည့် အခက်အခဲများကို ထည့်သွင်းစဉ်းစား၍ ဘဏ္ဍာရေးကဏ္ဍ ပိုမိုပွင့်လင်းမြင်သာမှုရှိလာစေရန်၊ ရငွေ၊ သုံးငွေများကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန် လိုအပ်သည့်အစီအမံများအား ကြိုတင်ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။

၄၀။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ဘဏ္ဍာရေးမူဝါဒအား ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။